Form (2)

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 957/2015 Date 29th May 2015

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. IMAI MOTOKAZU

(b) Citizenship JAPANESE

(c) Address 517-1 NAKAGAWA-CHO, HIGASHI-KU, OKAYAMA-CITY, JAPAN

(d) Name and Address of Principal Organization REEBLUE INTERNATIONAL LIMITED, CHASE BUSSINESS CENTRE 39-41, CHASE SIDE LONDON, ENGLAND, N 14 5BP

(e) Place of incorporation THE UNITED KINGDOM

(f) Type of Investment Business MANUFACTURING OF GARMENTS ON CMP BASIS

(g) Place(s) at which investment is permitted PLOT NO. 24, MYAY TAING BLOCK NO.65, SHWE PYI THAR INDUSTRIAL ZONE (4), SHWE PYI THAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 1.00 MILLION

(i) Period for Foreign Capital brought in WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 1.00 MILLION

(k) Construction period SIX MONTHS

(l) Validity of investment permit 50 YEARS

(m) Form of investment WHOLLY FOREIGN OWNED INVESTMENT

(n) Name of Company incorporated in Myanmar REEBLUE MYANMAR LIMITED

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်
ရက်စွဲ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်အမှတ် ၉၅၃/၂၀၁၅ ၂၀၁၅ ခုနှစ် မေလ ၂၉ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. IMAI MOTOKAZU

(ခ) နိုင်ငံသား JAPANESE

(ဂ) နေရပ်လိပ်စာ 517-1 NAKAGAWA-CHO, HIGASHI-KU, OKAYAMA-CITY, JAPAN

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ REEBLUE INTERNATIONAL LIMITED, CHASE BUSSINESS CENTRE 39-41, CHASE SIDE LONDON, ENGLAND, N14 5BP

(င) ဖွဲ့စည်းရာအရပ် THE UNITED KINGDOM

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅ ရွှေပြည်သာစက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁.၀၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၁) နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁.၀၀ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၆ လ

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၅၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် REEBLUE MYANMAR LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.1, Thitsar Road, Yankin Township, Yangon

Our ref : DICA-3/FI-1189/2015(708-e)　　　Tel: 01- 658128
Date : 29th May 2015　　　Fax: 01-658141

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Garments on CMP Basis" under the name of "Reeblue Myanmar Limited".**

Reference: Reeblue Myanmar Limited, Letter dated (23-3-2015).

1. The Myanmar Investment Commission, at its meeting (9/2015) held on (18-5-2015), had approved the proposal for investment in "Manufacturing of Garments on CMP Basis" under the name of "Reeblue Myanmar Limited" submitted by Reeblue International Limited (99 %) from The United Kingdom and Mr. Mishima Fuyuki (1 %) from Japan as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 50 (fifty) years and extendable 10 (ten) years in 2 (two) times commencing from the date of the issuance of MIC permit. The term of the Lease Agreement for land and buildings between U Shwe Min and Reeblue Myanmar Limited shall be initial 50 (fifty) years and extendable 10 (ten) years in 2 (two) times from the date of signing of the Lease Agreement. On expiry of the Lease period, the building shall be transferred to the lessor in good condition.

4. The annual rent for the land and buildings shall be US$ 168,000 (United States Dollar one hundred and sixty-eight thousand only) measuring 8,053.2514 square metres (1.990 acres). The rate of rent shall be revised in view of prevailing land lease rates after every 5 (five) years and increase of the rent shall not be more than 15 % of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Reeblue Myanmar Limited shall have to sign the Lease Agreement for land and buildings with U Shwe Min. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Reeblue Myanmar Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Reeblue Myanmar Limited shall use its best efforts for timely realization of works stated on the proposal. If none of such works has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Reeblue Myanmar Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to

unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the investor cannot construct completely in time during the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Reeblue Myanmar Limited shall endeavour to meet the targets for production and export stated in the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Reeblue Myanmar Limited has to follow the existing Labour Laws for the recruitment of staffs and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency.

16. Whenever Reeblue Myanmar Limited brings in foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Reeblue Myanmar Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency

account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Reeblue Myanmar Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Reeblue Myanmar Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare and submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures. Reeblue Myanmar Limited has to undertake the appropriate and effective management and mitigation measures to alleviate the environmental and social concerns which have identified in the impact assessment section of the Environmental Management Plan and also on a report of an EMP study prepared by NeoTech Myanmar Company Limited.

20. After getting permit from Myanmar Investment Commission, Reeblue Myanmar Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Reeblue Myanmar Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments and also to appoint fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made from export earning (CMP charges) of Reeblue Myanmar Limited.

23. Reeblue Myanmar Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)
Chairman

Reeblue Myanmar Limited

cc: 1. Office of the Union Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Central Bank of Myanmar
13. Chairman, CMP Enterprise Supervision Committee
14. Yangon Region Government
15. Director General, Fire Services Department
16. Director General, Department of Environmental Conservation
17. Director General, Immigration and National Registration Department
18. Director General, Directorate of Industrial Supervision and Inspection
19. Director General, Directorate of Trade
20. Director General, Customs Department
21. Director General, Internal Revenue Department

22. Director General, Directorate of Investment and Company Administration
23. Director General, Directorate of Labour
24. Managing Director, Myanma Electric Power Enterprise
25. Managing Director, Myanma Foreign Trade Bank
26. Managing Director, Myanma Investment and Commercial Bank
27. Managing Director, Myanma Insurance
28. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ကုမ္ပဏီအမည်- Reeblue Myanmar Ltd.
လုပ်ငန်း- CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၂၃-၃-၂၀၁၅		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံ ရေးဦးစီးဌာန	၁-၄-၂၀၁၅	၉-၄-၂၀၁၅	
	(ခ) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၁-၄-၂၀၁၅	၂၃-၄-၂၀၁၅	
	(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန	၁-၄-၂၀၁၅	၁၀-၄-၂၀၁၅	
	(ဃ) စက်မှုဝန်ကြီးဌာန	၁-၄-၂၀၁၅	၃၀-၄-၂၀၁၅	(ပ ကြိမ်)
		၆-၅-၂၀၁၅	၁၄-၅-၂၀၁၅	(ဒု ကြိမ်)
	(င) CMP လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ	၁-၄-၂၀၁၅	၂၃-၄-၂၀၁၅	(ပ ကြိမ်)
		၆-၅-၂၀၁၅	၇-၅-၂၀၁၅	(ဒု ကြိမ်)
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၁၃/၂၀၁၅ သို့ တင်ပြခြင်း	၃၀-၃-၂၀၁၅		
၄	အဆိုပြုလွှာ လက်ခံကြောင်းစာ ပေးပို့ခြင်း	၃၀-၃-၂၀၁၅		
၅	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် ပြန်ကြားခြင်း	၈-၄-၂၀၁၅		
၆	ကုမ္ပဏီသို့ ဌာနဆိုင်ရာ သဘောထားမှတ်ချက် များအရ ပြင်ဆင်တင်ပြရန် အကြောင်းကြား ခြင်း	၃၀-၄-၂၀၁၅		
၇	ကုမ္ပဏီမှ ပြန်လည် ပြင်ဆင်တင်ပြလာခြင်း		၁၄-၅-၂၀၁၅	
၈	**စုစုပေါင်းကြာမြင့်ရက် ၅၂ ရက်**			

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Reeblue Myanmar Limited တည်ထောင်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Reeblue Myanmar Limited - Mr. Imai Motokazu (ဂျပန်)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ရခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Reeblue International Limited (အင်္ဂလန်) ၉၉ % - Mr. Mishima Fuyuki (ဂျပန်) ၁ %
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ မြဝတီမင်းကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန် (၄)၊ ရွှေပြည်သာ မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး
	မြေအကျယ်အဝန်း	- ၈,၀၅၃.၂၅၁၄ စတုရန်း မီတာ (၁.၉၉၀ ဧက) - ၇၈ မီတာ x ၄၈ မီတာကျယ်သောတစ်ထပ်အဆောက်အဦတစ်လုံး
	မြေပိုင်ရှင်	- ဦးရွှေမင်း
၃။	နှစ်စဉ်မြေငှားရမ်းခ	- US$ ၁၆၈,၀၀၀ - တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၂၀.၈၆ နှုန်းဖြစ်ပါသည်။
	မြေငှားသက်တမ်း	- ကနဦး ၅၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၅၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
	တည်ဆောက်ရေးကာလ	- ၆ လ
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၁.၀၀၀ သန်း
	ထည့်ဝင်သည့် အမျိုးအစား	- US$ သန်း
	ငွေသား	၀.၄၆၆
	စက်နှင့် စက်ပစ္စည်း (ပြည်ပ) (၂၃ မျိုး)	၀.၁၈၅
	စက်နှင့် စက်ပစ္စည်း (ပြည်တွင်း)	၀.၀၇၇
	မြေငှားရမ်းခ	၀.၁၆၈
	အဆောက်အဦပြုပြင်ဆင်ခြင်း	၀.၁၀၄
	စုစုပေါင်း	**၁.၀၀၀**
၆။	ဝန်ထမ်းအင်အား (ပထမနှစ်)	- **၃၆၆ ဦး**
	ပြည်တွင်း	- ၃၅၉ ဦး (ပြည်တွင်းအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏လစာ US$ ၁၂၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာ US$ ၈၀၀)
	ပြည်ပ	- ၇ ဦး (ပြည်ပအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာ US$ ၈၀၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏လစာ US$ ၁,၀၀၀)
၇။	ရောင်းချမည့်စနစ်	- ၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း

၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- US$ ၂.၀၃၁ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်)	- US$ ၁.၆၆၀ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၀.၃၇၁ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန်	- US$ ၀.၁၂၄ သန်း (၁ US$ = ၁၀၀၀ ကျပ်ဖြင့် တွက်ချက်တင်ပြထားပါသည်။)
	အရင်းကြေကာလ	- ၄ နှစ် ၉ လ
	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၇ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (ပထမနှစ်)	- ၅၀၀ kWh
၁၁။	CSR	- ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စောင့်ကြည့်လေ့လာမည့် လုပ်ငန်းများအတွက် ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေး ကိစ္စရပ်များတွင် သုံးစွဲနိုင်ရန် အသားတင်အမြတ်ငွေမှ ၂ % ကို ရန်ပုံငွေအဖြစ် လျာထားပါကြောင်း တင်ပြထားပါသည်။
၁၂။	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေဂါလန် ၁၀၀,၀၀၀ ဆံ့သော စတီးရေလှောင်ကန်နှင့် ကွန်ကရစ်ရေလှောင်ကန်များကို တည်ဆောက်ထားမည် ဖြစ်ပါကြောင်း၊ မီးသတ်ဆေးဗူးများနှင့် မီးသတ်ကိရိယာများကို တပ်ဆင်ထားမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကို မီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းများ ပေး ၍ လေ့ကျင့်ပေးမည် ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်ခြင်းကိုလည်း တားမြစ်ထားပါကြောင်း တင်ပြထားပါသည်။
၁၃။	ငွေရေးကြေးရေးအထောက်အထား	- Reeblue International Limited သည် ၆-၁-၂၀၁၅ နေ့တွင် US$ ၅၁၄,၉၈၆.၅၇ ရှိကြောင်း The Hongkong and Shanghai Banking Corporation Limited ၏ ထောက်ခံစာမိတ္တူ၊ Reeblue International Limited ၏ စာရင်းစစ်အစီရင်ခံစာ (၂၀၁၃) တို့ကို တင်ပြထားပါသည်။
၁၃။	စိစစ်တင်ပြချက်	- အဆိုပြုလုပ်ငန်းတွင် အသုံးပြုမည့်စက်ပစ္စည်း (၃၈) မျိုး တန်ဖိုး US$ ၅၁၄,၇၅၇ ကို နိုင်ငံခြားရှိ Buyer ကုမ္ပဏီ ဖြစ်သော Nippon Steel & Sumikin Bussan Corporation ထံမှ FOC စနစ်ဖြင့် ငှားရမ်းသုံးစွဲမည် ဖြစ်ပြီး အဆိုပါ စက်ပစ္စည်း (၃၈) မျိုး၏ တန်ဖိုးကို ရင်းနှီးမြှုပ်နှံမှုတွင် ထည့်ဝင်ထားခြင်း မရှိ ပါကြောင်း တင်ပြထားပါသည်။ - Nippon Steel & Sumikin Bussan Corporation နှင့် Reeblue Myanmar Limited တို့ အကြားချုပ်ဆိုထားသည့် Memorandum of Agreement ကို တင်ပြထားပြီး စာချုပ်အရ Reeblue Myanmar Limited သည် Nippon Steel & Sumikin Bussan Corporation ၏ အထည်မျိုးစုံကို ချုပ်ပေးရမည်ဖြစ်ပြီး Nippon Steel & Sumikin Bussan Corporation သည် Reeblue Myanmar Limited ကို စက်ပစ္စည်းများ အခမဲ့ ငှားရမ်းပေးမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

		- သို့ရာတွင် အဆိုပါစက်ပစ္စည်းများ ပြင်ဆင်ရန် လိုအပ်ပါက Reeblue Myanmar Limited မှ ပြင်ဆင်စရိတ်ကို ကျခံရမည် ဖြစ်ကြောင်း၊ စက်ပစ္စည်းအာမခံကို Reeblue Myanmar Limited မှ ပေးဆောင်ရမည် ဖြစ်ကြောင်း၊ Nippon Steel & Sumikin Bussan Corporation မှ တရားဝင်ကိုယ်စားလှယ်သည် Reeblue Myanmar Limited သို့ လာရောက်၍ စက်ပစ္စည်းများနှင့် အထည်များကို စစ်ဆေးခွင့်ရှိကြောင်း ဖော်ပြထားပါသည်။ - Annex-15 တွင် Order နှင့်ပတ်သက်၍ Nippon Steel & Sumikin Bussan Corporation နှင့် Reeblue Myanmar Limited တို့ အကြား ချုပ်ဆိုထားသည့် Memorandum of Understanding စာချုပ် (မူကြမ်း) ကို တင်ပြထားပါသည်။
၁၄။	ယခင်အလားတူဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်း	- အဆိုပြုလုပ်ငန်းကဲ့သို့ စက်ပစ္စည်းများကို နိုင်ငံခြားရှိ မိတ်ဖက်ကုမ္ပဏီမှ ငှားရမ်းသုံးစွဲခြင်းကို Earth Tamura Electronic (Myanmar) Co., Ltd. (Manufacturing of Thermal Cutoffs, Thermal Link, Transformer, Choke Coil & Switch on CMP Basis) အား ခွင့်ပြုမိန့်အမှတ် ၈၁၂/၂၀၁၄ (၁၅-၁၀-၂၀၁၄) ဖြင့် ကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။

ကုမ္ပဏီအမည်	-	Reeblue Myanmar Limited
အဖွဲ့အစည်းပုံသဏ္ဌာန်	-	ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ မြဝတီမင်းကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၁.၀၀၀ သန်း
ရောင်းချမည့်စနစ်	-	၁၀၀ % ပြည်ပသို့ တင်ပို့ခြင်း
လုပ်ငန်းသက်တမ်း	-	ကနဦး ၅၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး
အရင်းကြေကာလ	-	၄ နှစ် ၉ လ
IRR	-	၂၇ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၉.၂၅၀ သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်	-	-
၅	ဝင်ငွေခွန်	ကျပ် ၅၄၃.၇၅၆ သန်း	ကျပ် ၈၈၂.၃၃၅ သန်း
၆	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၂၀၈.၇၁၇ သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ် ဝင်ငွေ ကျပ် သိန်း (၂၀) ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၃၀) ဦး
၈	CSR (၂%)		ကျပ် ၅၉.၇၈၃ သန်း
၉	မြေငှားရမ်းခရငွေ		ကျပ် ၁,၁၇၆.၀၀ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၃၅၉ ဦး ပြည်ပ ၇ ဦး ပြည်တွင်းလုပ်သား(၃၅၉)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်၍ ဒေသ အလုပ် အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
		ကျပ် ၅၅၅.၁၆၆ သန်း	**ကျပ် ၂,၃၂၈.၀၀၀ သန်း**
		၁ : ၄	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၃/န-၁၁၈၉/၂၀၁၅(၆၆၅)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် မေလ ၁၅ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ရခိုင်နွှန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Reeblue Myanmar Limited တည်ထောင်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသော Reeblue International Limited မှ ၉၉ % နှင့် ဂျပန်နိုင်ငံသား Mr. Mishima Fuyuki မှ ၁ % ထည့်ဝင်၍ ရခိုင်နွှန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ကာ မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ မြဝတီမင်းကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၈,၀၅၃.၂၅၁၄ စတုရန်းမီတာ (၁.၉၉၀ ဧက) ၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ အဆိုပြုလွှာ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးရွှေမင်း နှင့် မြေငှားရမ်းသူ Reeblue Myanmar Limited တို့ ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦငှားရမ်းစာချုပ် (မူကြမ်း)၊ မြေဂရန်မိတ္တူ၊ လုပ်ငန်းတည်နေရာပြမြေပုံနှင့် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)နှင့် FOC အတွက် Memorandum of Understanding (MOU) တို့ကိုပူးတွဲတင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၅၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုး ဖြစ်ပြီး ၇၈ မီတာ x ၄၈ မီတာ ကျယ်သော တစ်ထပ်အဆောက်အဦတစ်လုံး ပါဝင်ပါသည်။ နှစ်စဉ်မြေနှင့် အဆောက်အဦ ငှားရမ်းခမှာ US$ ၁၆၈,၀၀၀ ဖြစ်ပြီး မြေငှားရမ်းခနှုန်းမှာ တစ်နှစ်တစ်စတုရန်း မီတာလျှင် US$ ၂၀.၈၆ နှုန်းဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၅၀ နှစ်နှင့် နောက်ထပ် ၁၀ နှစ် ၂ ကြိမ်သက်တမ်းတိုးမည် ဖြစ်ပြီး တည်ဆောက်ရေးကာလ ၆ လ ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ US$ ၁.၀၀၀ သန်း ဖြစ်ပြီး ၎င်းတွင် ငွေသား US$ ၀.၄၆၆ သန်း၊ စက်နှင့် စက်ပစ္စည်း (ပြည်ပ) US$ ၀.၁၈၅ သန်း၊ စက်နှင့် စက်ပစ္စည်း (ပြည်တွင်း) US$ ၀.၀၇၇ သန်း၊ မြေငှားရမ်းခ US$ ၀.၁၆၈ သန်းနှင့် အဆောက်အဦ ပြင်ဆင်ခြင်း US$ ၁.၁၀၄ သန်းတို့ ပါဝင်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၃၅၉ ဦးနှင့် ပြည်ပမှ ဝန်ထမ်း ၇ ဦး၊ စုစုပေါင်း ၃၆၆ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁၂၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၈၀၀ ဖြစ်ပါသည်။ ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၈၀၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆ နှစ်မြောက်) ၏ ထုတ်လုပ်မှု အရေအတွက်နှင့် CMP လက်ခနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအစား	ထုတ်လုပ်မှု (Doz)	CMP လက်ခ (US$/Doz)
Casual Pants	၃၀,၀၀၀	၃၀.၀၀
Casual Skirts	၁၃,၀၀၀	၂၆.၀၀
Casual Short Pants	၁၃,၀၀၀	၂၆.၀၀
Casual Shirt	၆,၅၀၀	၃၀.၀၀
Casual Jacket	၆,၅၀၀	၄၀.၀၀

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၂.၀၃၁
(ခ)	အသုံးစရိတ်	၁.၆၆၀
(ဂ)	အသားတင်အမြတ်	၀.၃၇၁

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၀.၁၂၄ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၄ နှစ် ၉ လ ဖြစ်ပြီး အရင်းအနှီးပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၂၇ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို မထိခိုက်နိုင်ပါကြောင်း၊ မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊ အဆိုပြုမြေနေရာ ၌ အလုပ်ကိုင်ခြင်းအပေါ် ဒေသခံများ၏လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

မှုတို့အရ ထိခိုက်နိုင်ခြင်း မရှိပါကြောင်း၊ (၁၈-၄-၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၅) ဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။

နောက်ဆက်တွဲ(က)

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**မှ အဆိုပြု လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက် များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(၁) အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်း ရေးဆွဲချမှတ်ခြင်း၊ ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့အတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကိုထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များအသုံးပြုခြင်း၊ အဆိုပြုလွှာတွင် ပါဝင်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် အမြတ်ငွေ၏ (၂ %) အား အသုံးပြုရန် ကတိကဝတ်များ၊ လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်မည့် အစီအစဉ်များ ပါဝင်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်(Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် ၎င်းအစီအစဉ်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။ **ကုမ္ပဏီက သဘောထားမှတ်ချက်နှင့် အညီ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြထားပါသည်။**

နောက်ဆက်တွဲ(ခ)

(ဂ) **စက်မှုဝန်ကြီးဌာန**မှ CMP လက်ခနှုန်း တင်ပြထားချက် ဆီလျော်မှုရှိပါကြောင်း၊ နှစ်အလိုက်ကုန်ကြမ်းလိုအပ်ချက် ဆီလျော်မှု ရှိပါကြောင်း၊ နှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် စက်အင်အား/ လူအင်အားဆီလျော်မှုရှိပါကြောင်း၊ ကုန်ကြမ်းနှင့် ပူးတွဲသုံးပစ္စည်းသုံးစွဲမှုနှုန်း တင်ပြချက်တွင် Fabric သုံးစွဲမှုနှုန်း ဆီလျော်သော်လည်း ချုပ်ထည်အားလုံးအတွက် Thread သုံးစွဲမှုနှုန်းများနေသဖြင့် Meter ဖြင့် လျော့နည်းပြင်ဆင်တင်ပြရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှု

လုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ကန့်ကွက်ရန် မရှိကြောင်း သဘောထားပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်ချက်များကို စက်မှုဝန်ကြီးဌာနမှ စိစစ်ပြီး လက်ခံပါသည်။**

နောက်ဆက်တွဲ(ဂ)

(ဃ) **CMPလုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ** ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည်လိုအပ်ချက်နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှု ရှိပါကြောင်း၊ အပ်ချည်သုံးစွဲမှု အမျိုးအစားတိုင်းတွင် သုံးစွဲမှုများနေ၍ ပြင်ဆင်တင်ပြသင့်ပါကြောင်း၊ CMP လက်ခနှုန်းထားများသည် လက်ရှိလက်ခနှုန်းထားနှင့် နှိုင်းယှဥ်ရာတွင် များစွာရရှိပါကြောင်း၊ စက်အရေအတွက်များ၍ လူအရေအတွက်နည်းနေပြီး Quality Control Workers၊ Cutting နှင့် Finishing အတွက် လူအင်အားခွဲချထားပါက စက်အားလုံး လည်ပတ်နိုင်ခြင်း မရှိပါကြောင်း၊ လူဦးရေထပ်မံခန့်ထားမှသာ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြင်ဆင်တင်ပြရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အားပေးဆောင်ရွက်သင့် ပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ ပြန်လည် ပြင်ဆင် ချက်များကို CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ စိစစ်ပြီး လက်ခံပါသည်။** **နောက်ဆက်တွဲ(ဃ)**

၁၁။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Reeblue International Limited သည် ၆-၁-၂၀၁၅ နေ့တွင် US$ ၅၁၄,၉၈၆.၅၇ ရှိကြောင်း The Hongkong and Shanghai Banking Corporation Limited ၏ ထောက်ခံစာမိတ္တူ၊ Reeblue International Limited ၏ စာရင်းစစ်အစီရင်ခံစာ (၂၀၁၃) တို့ကို တင်ပြထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်** မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေဂါလန် ၁၀၀,၀၀၀ ဆံ့သော စတီးရေလှောင်ကန်နှင့် ကွန်ကရစ်ရေလှောင်ကန်များကို တည်ဆောက်ထားမည် ဖြစ်ပါကြောင်း၊ မီးသတ်ဆေးဗူးများနှင့် မီးသတ်ကိရိယာများကို တပ်ဆင်ထားမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကို မီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းများ ပေး၍ လေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်သောက်ခြင်း ကိုလည်း တားမြစ်ထားပါကြောင်း တင်ပြထားပါသည်။

၁၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၄။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၄၉/၂၀၁၄ ဖြင့်ထုတ်ပြန်ထားသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက် ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၅။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၃/၂၀၁၅ (၃၀-၃-၂၀၁၅) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၆။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေတွင်ငှားရမ်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ အတည်ပြုပြီးမှသာ ခွင့်ပြုမိန့်ထုတ်ပေးမည် ဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်းတွင် အသုံးပြုမည့်စက်ပစ္စည်း (၃၈) မျိုး တန်ဖိုး US$ ၅၁၄,၇၅၇ ကို နိုင်ငံခြားရှိ Buyer ကုမ္ပဏီ ဖြစ်သော Nippon Steel & Sumikin Bussan Corporation ထံမှ FOC စနစ်ဖြင့် ငှားရမ်းသုံးစွဲမည် ဖြစ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်းကဲ့သို့ စက်ပစ္စည်းများကို နိုင်ငံခြားရှိ Buyer ကုမ္ပဏီ မှ ငှားရမ်းသုံးစွဲခြင်းကို Earth Tamura Electronic (Myanmar) Co., Ltd. (Manufacturing of Thermal Cutoffs, Thermal Link, Transformer, Choke Coil & Switch on CMP Basis) အား ခွင့်ပြုမိန့်အမှတ် ၈၁၂/၂၀၁၄ (၁၅-၁၀-၂၀၁၄) ဖြင့် ကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ကာ မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ မြဝတီမင်းကြီးလမ်း၊ ရွှေပြည် သာစက်မှုဇုန် (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၈,၀၅၃.၂၅၁၄ စတုရန်းမီတာ (၁.၉၉၀ ဧက) ၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြု ပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူ

ရုံးလက်ခံ

ကန့်သတ်

၆

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Reeblue Myanmar Limited	Reeblue International Limited Represented by	Chase Business Centre 39-41 Chase Side, London, England N14 5BP.
		(၁) Mr. Imai Motokazu Director Japanese P. P No. TZ 1041469	517-1 Nakagawa-cho, Higashi-ku, Okayama-city, Japan.
		(၂) Mr. Mishima Fuyuki Director Japanese P. P No. TZ 1006562	2-13-9 Tsukimiyama, Takazazuka-city, Hyogo, Japan.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၉-၂၅၄၄၄၄၀၄၃
၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ	-	
၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး	-	ဦးတိုးနိုင်
၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ	-	-
၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	-
၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ်	-	-

ကန့်သတ်

တိုင်းဒေသကြီးအစိုးရအဖွဲ့ ★ စာအမှတ် ၁၃၁၆ ရက်စွဲ ၂၄/၄/၁၅ ★ ရန်ကုန်တိုင်းဒေသကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

MIC

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / ဘဏ္ဍာ

ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်

M-770 27/4/15

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁. ၄. ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ရက - ၃/ န - ၁၁၈၉ / ၂၀၁၅ (၅၃၁)

၁။ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသော Reeblue International Limited မှ ၉၉%နှင့် ဂျပန်နိုင်ငံသား Mr. Mishima Fuyuki မှ ၁%ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ကာ မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၈,၀၅၃. ၂၅၁၄ စတုရန်းမီတာ(၁. ၉၉၀၈ဧက)၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၃၇၇)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် မြေကွက်အမှတ် ၂၄၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၈,၀၅၃. ၂၅၁၄ စတုရန်းမီတာ(၁. ၉၉၀၈ဧက)အား ၁ စတုရန်းမီတာလျှင် တစ်နှစ်အတွက် USD ၂၀. ၈၆ နှုန်းဖြင့် (၅၀ နှစ်+၁၀နှစ်+၁၀နှစ်) ငှားရမ်းလုပ်ကိုင်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

D/2015/Cabinet/19,(5)

၂။ အထက်ဖော်ပြပါ အချက်များကြောင့် (၁၈. ၄. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ် (၁၉)အရ Reeblue Myanmar Limited ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရွှေပြည်သာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Reeblue Myanmar Limited
လက်ခံစာတွဲ
မျှောစာတွဲ

D/2015/Cabinet/19.(6)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

NPT-2360
23-4-15

စာအမှတ် ၂/၂၂၀(ခ)(၆)/(၂၉၄၄ /၂၀၁၅)
ရက်စွဲ ၂၀၁၅ခုနှစ်၊ဧပြီလ ၂၀ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M-738
24/4

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၄ -၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/န-၁၁၈၉/၂၀၁၅(၅၃၂)

၁။ အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းထားသော Reeblue International Limited မှ (၉၉%) နှင့် ဂျပန်နိုင်ငံသား Mr. Mishima Fuyuki မှ (၁%) ထည့်ဝင် ၍ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ကာ မြေကွက်အမှတ်(၂၄) ၊ မြေတိုင်းရပ်ကွက်အမှတ်-၆၅ / စက်မှု၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ (၈၀၅၃.၂၅၁၄ စတုရန်းမီတာ) (၁.၉၉၀) ဧက၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့် အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံခွင့်လျှောက်ထားခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၅၀) ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ တည်ဆောက်ပြုပြင်မည့်လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရပြီး (၆)လအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထုတ်လုပ် မည့် ကုန်ပစ္စည်းအမျိုးအစား၊ အထည်ချုပ်စက်ရုံပုံစံ၊ မြေပုံအားစာချုပ်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊ အသုံးပြုမည့်စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းစာရင်း၊ ဝန်ထမ်းပေါင်း (၃၆၆)ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပြီး စက်ရုံဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ထားရှိမည့် အစီအစဉ်၊ လုပ်ငန်းလည်ပတ်ခြင်းမှရရှိမည့် အသားတင်အမြတ်ငွေမှ ၂% ကို Corporate Social Responsibility (CSR) ရန်ပုံငွေအဖြစ် သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ စက်ရုံတည်ဆောက် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဖုန်အမှုန်များနှင့် စွန့်ပစ် ပစ္စည်းများ/စွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း ၊ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းတွင် အဓိက အသုံးပြုမည့် Fabric (Polyurethane ၊ Polyester) ကုန်ကြမ်းပိတ်စ / ပစ္စည်းများသည် ဆွေးမြေ့ပျက်စီးရန် အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်ခြင်း၊ လုပ်ငန်းစဉ် အဆင့်တိုင်းတွင် ထွက်ရှိလာမည့် ပိတ်ဖြတ်စများ ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထုနှင့် မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ ပိတ်စဖြတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် စက်များအသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းထားသော Reeblue International Limited မှ (၉၉%) နှင့် ဂျပန်နိုင်ငံသား Mr. Mishima Fuyuki မှ (၁%) ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ကာ မြေကွက်အမှတ်(၂၄) ၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅) / စက်မှု ၊ ရွှေပြည်သာ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ (၈၀၅၃.၂၅၁၄ စတုရန်းမီတာ) (၁.၉၉၀) ဧကေ၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်း ရေးဆွဲ ချမှတ်ခြင်း၊ ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့အတွက် စီမံကိန်းဆိုင်ရာ အချက်အလက် များပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များအသုံးပြုခြင်း ၊ အဆိုပြု လွှာတွင်ပါဝင်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် အမြတ်ငွေ၏ (၂%) အား အသုံးပြုရန် အပါအဝင် ကတိကဝတ်များ ၊ လုပ်ငန်းစီမံချက်များ အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ခ) စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မည့် အစီအစဉ်များပါဝင်သည့် စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan– EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင် အထည်ဖော်ဆောင်ရွက်ရန်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊၂၁-စမ (၂)၂၀၁၅-၂၀၁၆(၁၈၁)
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်

M. 814
4-5-15

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁.၄.၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/ န-၁၁၈၉/ ၂၀၁၅ (၅၃၃)

၁။ Reeblue Myanmar Limited. သည် ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၄)၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅/စက်မှု၊ မြေကွက်အမှတ် ၂၄ တွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုနှင့် ဘွိုင်လာအသုံးပြုမှုများကို လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတို့နှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) CMP လုပ်ခနှုန်း တင်ပြထားချက် ဆီလျော်မှု ရှိပါသည်။

(စ) နှစ်အလိုက်ကုန်ကြမ်းလိုအပ်ချက် ဆီလျော်မှု ရှိပါသည်။

(ဆ) နှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် စက်အင်အား/လူအင်အား ဆီလျော်မှု ရှိပါသည်။

(ဇ) ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်းသုံးစွဲမှုနှုန်း တင်ပြချက်တွင် Fabric သုံးစွဲမှုနှုန်း ဆီလျော်သော်လည်း ချုပ်ထည်အားလုံးအတွက် Thread သုံးစွဲမှုနှုန်းများနေသဖြင့် Meter ဖြင့် လျော့နည်းပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Reeblue Myanmar Limited. မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

MC-1061
24-4

စာအမှတ်၊ ၃၄-အလ/ခွဲ(၂)၂၀၁၅(၁၈၇၄)
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်

သို့

NPT-2423
27-4-15

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M-778
28/4/15

အကြောင်းအရာ။ Reeblue Myanmar Limited မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၄-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက- ၃/န - ၁၁၈၉/၂၀၁၅(၅၃၄)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၄) ၊ မြေကွက် အမှတ် (၂၄)၌ အင်္ဂလန်နိုင်ငံတွင်ဖွဲ့စည်းထားသော Reeblue International Limited က ၉၉% နှင့် ဂျပန်နိုင်ငံသား Mr. Mishima Fuyuki က ၁% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Reeblue Myanmar Limited တည်ထောင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း ဆောင်ရွက်ရန် တင်ပြလာမှုအပေါ် CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ရုံးလုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း နှင့် အထည်ချုပ်စက်ရုံ အမှတ် (၁၇) စက်ရုံမှူး ဒေါ်လှသီတာ တို့သည် ၉-၄-၂၀၁၅ ရက်နေ့တွင် စက်ရုံရှိတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ Reeblue Myanmar Limited ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ

ချုပ်ထည်	တစ်ထည်လိုအပ်ချက်နှုန်းထား	ကိုက်ညီမှုရှိ/မရှိ
1. Casual Pant	1.7 yds/pc	ကိုက်ညီမှုရှိပါသည်။
2. Casual Skirt	1.0 yds/pc	॥
3. Casual Short Pant	1.0 yds/pc	॥
4. Casual Shirt	1.6 yds/pc	॥
5. Casual Jacket	1.8 yds/pc	॥

အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည် လိုအပ်ချက် နှုန်းထား၊ တားမြစ် သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်ထည်လိုအပ် ချက်နှုန်းထား	လိုအပ်မည့် ကုန်ကြမ်းအရေ အတွက်
1. Casual Pant	22000 dzs	1.7 yds/pc	448800 yds
2. Casual Skirt	10000 dzs	1.0 yds/pc	120000 yds
3. Casual Short Pant	10000 dzs	1.0 yds/pc	120000 yds
4. Casual Shirt	5000 dzs	1.6 yds/pc	96000 yds
5. Casual Jacket	5000 dzs	1.8 yds/pc	108000 yds

အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 892800 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်ပါ ကုန်ကြမ်းနှင့် ကိုက်ညီမှုရှိပြီး အပ်ချည် သုံးစွဲမှု အမျိုးအစားတိုင်းတွင် သုံးစွဲမှုများနေ၍ ပြင်ဆင်တင်ပြသင့်ပါသည်။

(ခ) **CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ**

အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိ လက်ခနှုန်းထား နှင့် နှိုင်းယှဉ်ရာတွင် များစွာရရှိကြောင်း တွေ့ရှိရပါသည်-

ချုပ်ထည်	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	အထည်ချုပ်အသင်း လက်ရှိ CMP လက်ခနှုန်းထား
1. Casual Pant	30 US$/ Dz	10-12 US$/ Dz
2. Casual Skirt	26 US$/Dz	10-12 US$/Dz
3. Casual Short Pant	26 US$/ Dz	10-12 US$/ Dz
4. Casual Shirt	30 US$/ Dz	10-12 US$/ Dz
5. Casual Jacket	40 US$/ Dz	20-24 US$/ Dz

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ Casual Pant ၊ Casual Skirt ၊ Casual Short Pant ၊ Casual Shirt နှင့် Casual Jacket တို့ဖြစ်ပြီး အဓိက စက်အနေဖြင့် Hat Seaming Machines ၈၁ လုံး၊ Overlock Machines ၂၈ လုံး၊ Double Chain Stitch Machines ၄၅ လုံးဟု ဖော်ပြထားခြင်း၊ Skilled Workers ၂၁၀ ဦး၊ Unskilled Workers ၁၀၃ ဦး တို့သာခန့်ထား လုပ်ကိုင်စေ၍ စက်အရေအတွက်များ၍ လူအရေအတွက်နည်းနေပြီး Quality Control Workers ၊ Cutting နှင့် Finishing အတွက် လူအင်အားခွဲချထားပါက စက်အားလုံး လည်ပတ် နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ချုပ်ထည်	ကုန်ထုတ်စက်	တစ်ရက်ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်
1. Casual Pant	စက်(၁)လိုင်း	310 pcs/10 hour	8008 dzs
2. Casual Skirt	စက်(၁)လိုင်း	310 pcs/10 hour	8008 dzs
3. Casual Short Pant	စက်(၁)လိုင်း	372 pcs/10 hour	9610 dzs
4. Casual Shirt	စက်(၁)လိုင်း	310 pcs/10 hour	8008 dzs
5. Casual Jacket	စက်(၁)လိုင်း	180 pcs/10 hour	4650 dzs

အဆိုပြုချက်ပါ ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် အမှတ်စဉ်(၁၊ ၂ ၊ ၃)တို့သည် ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် လူဦးရေ ထပ်မံခန့်ထားမှသာ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြင်ဆင်တင်ပြသင့်ပြီး ထုတ်လုပ်နိုင်သည့် နှုန်းထားနှင့် လျော်ညီမည့် ကုန်ကြမ်း ပမာဏသာ တင်သွင်းစေသင့်ပါသည်-

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ(ဒါဇင်)
1. Casual Pant	22000 dzs	8008-8200 dzs
2. Casual Skirt	10000 dzs	8008-8200 dzs
3. Casual Short Pant	10000 dzs	9610-9800 dzs
4. Casual Shirt	5000 dzs	8008-8200 dzs
5. Casual Jacket	5000 dzs	4650-5000 dzs

၃။ သို့ဖြစ်၍ Reeblue Myanmar Limited အား ပြင်ဆင်တင်ပြသင့်သည်များကို ပြင်ဆင်တင်ပြစေပြီးမှသာ ခွင့်ပြုပေးသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

